Minutes of the 11th Annual General Meeting of uab bank Limited (the "Bank") held on Thursday, 1st July 2021, 10:00 a.m. at the Main Board Room, Level 23, uab Tower @ Times City, Kyun Taw Road, Kamayut Township, Yangon, Myanmar.

| | | | |
|---|---|---|---|
| **Present** | : | **Shareholders** | |
| | | U Ne Aung | |
| | | Daw Khin Moe Nyunt | |
| | : | **In Attendance** | |
| | | Mr. Christopher Loh | (Chief Executive Officer) |
| | | U Sein Win | (Senior Independent Non-Executive Director) |
| | | U Than Win Swe | (Non-Executive Director) |
| | | U Thant Zin | (Non-Executive Director) |
| | | Daw Hnin Hnin Aung | (Non-Executive Director) |
| | | Daw Nyein Sanda Kyaw | (Secretariat) |
| | : | **Auditor** | |
| | | U Win Htut Aung | (V Advisory Limited) |
| | | Daw Myint Myint San | (V Advisory Limited) |
| | : | **By Invitation** | |
| | | Daw Kyawt Kay Khaing | (Deputy Chief Executive Officer) |

| | | |
|---|---|---|
| **Agenda** | : | 1. Opening<br>2. Confirmation of Minutes of 10th AGM<br>3. Notice Convening the Meeting<br>4. Routine Business<br>5. Any Other Matters<br>6. Closing |
| **Secretariat** | : | Legal & Secretariat, uab bank |
| **Quorum** | : | The requisite quorum is satisfied for the conduct of the meeting. |

**Agenda 1: Opening / အဖွင့်အမှာစကားပြောကြားခြင်း**

U Ne Aung, Chairman of the Board of Directors, welcomed all members, attendees and noted the presence of a full quorum. Being also a substantial shareholder, he then proposed that Mr. Christopher Loh to chair the meeting and both Shareholders approved the proposal.

ဒါရိုက်တာအဖွဲ့ဝင်များ၏ ဥက္ကဋ္ဌဖြစ်သူ ဦးနေအောင်မှ အစည်းအဝေးတက်ရောက်လာသူများအား ကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပါသည်။ အစုရှယ်ယာပမာဏ အများဆုံးပိုင်ဆိုင်သူ ဥက္ကဋ္ဌ ဦးနေအောင်မှ Mr Christopher Loh အား အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရန် အဆိုပြုခဲ့ရာ အစုရှယ်ယာရှင်နှစ်ဦးမှ ထိုအဆိုပြုချက်ကို အတည်ပြုခဲ့ကြပါသည်။

**Agenda 2: Confirmation of Minutes of 10th AGM/ ၁၀ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်း**

The minutes of the 10th AGM were unanimously approved as distributed.

(၁၀)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအား တစ်ညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

**Agenda 3: Notice Convening Annual General Meeting/နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆင့်ခေါ်စာ**

With the consent of the Meeting, the Notice Convening the Meeting was approved.

အစည်းအဝေးသဘောတူညီချက်ဖြင့် အစည်းအဝေးဆင့်ခေါ်စာအား အတည်ပြုခဲ့ကြပါသည်။

The Chairman proposed 4 resolutions to be tabled at the meeting and these had already been notified to Shareholders via the Notice of meeting. The Chairman presented a brief overview of corporate developments, financial highlights, business highlight and Bank's overall approach towards the evolving market and financial landscape. Members of the Board of Directors, External Auditor and CEO then addressed questions received from the shareholders.

အစည်းအဝေးသဘာပတိမှ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာဖြင့် အစုရှယ်ယာရှင်များထံ ကြိုတင်အကြောင်းကြားပြီးဖြစ်သော အစည်းအဝေးဆုံးဖြတ်ချက်(၄)ခုအား တင်ပြခဲ့ပါသည်။ အစည်းအဝေးသဘာပတိမှ လုပ်ငန်းအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဘဏ္ဍာရေးတိုးတက်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုများ၊ ပြောင်းလဲလာသောဘဏ္ဍာရေးအခြေအနေ၊ ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ထားသော ဘဏ်လုပ်ငန်းအခြေအနေ အကျဉ်းချုပ်အား တင်ပြဆွေးနွေးခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘဏ်၏စာရင်းစစ်နှင့် အမှုဆောင်အရာရှိမှလည်း အစုရှယ်ယာရှင်များမှ မေးမြန်းလာသောမေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ပါသည်။

**Agenda 4: Routine Business/ စီးပွားရေးလုပ်ငန်းစဉ်**

**4.1. Ordinary Resolution 1/ အစည်းအဝေးဆုံးဖြတ်ချက် (၁)**

**Approval of Audited Financial Statements, Directors' Statement and Auditors' Report for the financial year ended 30th September 2020**

**၂၀၂၀ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာနှင့် နှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အတည်ပြုခြင်း။**

The first resolution on the agenda was to adopt the Audited Financial Statements, Directors' Statement and Auditors' Report for the financial year ended 30th September 2020.

အစည်းအဝေးဆုံးဖြတ်ချက်(၁)အရ ၂၀၂၀ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာများ၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အတည်ပြုရန် ဖြစ်ပါသည်။

The resolution was unanimously approved by both Shareholders and the Chairman declared Resolution 1 carried.

အစည်းအဝေးဆုံးဖြတ်ချက်အား အစုရှယ်ယာရှင်များက တစ်ညီတညွတ်တည်း အတည်ပြုခဲ့ပြီး အစည်းအဝေးသဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်(၁) ပြီးမြောက်ကြောင်း ကြေငြာခဲ့ပါသည်။

RESOLVED THAT Audited Financial Statements, Directors' Statement and Auditors' Report for the financial year ended 30th September 2020 be adopted.

၂၀၂၀ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာများ၏အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများအား တစ်ညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

**4.2 Ordinary Resolution 2/ အစည်းအဝေးဆုံးဖြတ်ချက် (၂)**

**Appointment of Board of Directors**

**ဒါရိုက်တာအဖွဲ့ဝင်များအားခန့်အပ်ခြင်း**

Resolution 2 related to the re-election of existing members of Board of Directors and all board of directors had signified their consent to continue in office and no new Directors was proposed.

အစည်းအဝေးဆုံးဖြတ်ချက်(၂)အရ ဒါရိုက်တာအဖွဲ့ဝင်များအား ပြန်လည်ခန့်အပ်ရန်ဖြစ်ပြီး လက်ရှိဒါရိုက်တာအဖွဲ့ဝင်များမှ ၎င်းတို့၏သဘောဆန္ဒဖြင့် ရုံးလုပ်ငန်းများအား ဆက်လက်တာဝန်ထမ်းဆောင်ရန် အတည်ပြုဆုံးဖြတ်ကြပြီး မည့်သည့်ဒါရိုက်တာအသစ်ကိုမှ ခန့်အပ်ခြင်းမရှိခဲ့ပါ။

Both shareholders expressed satisfaction on the performance of the Board and with the following resolution put to vote, both shareholders unanimously approved the resolution.

ဒါရိုက်တာအဖွဲ့၏လုပ်ဆောင်ချက်များကို အစုရှယ်ယာရှင်နှစ်ဦးလုံးက ကျေနပ်သဘောတူကာ အောက်ပါဆုံးဖြတ်ချက်များအား မဲပေးခြင်းဖြင့် ဆုံးဖြတ်ကြပြီး အစုရှယ်ယာရှင်နှစ်ဦးလုံးကလည်း အောက်ပါ အတိုင်း တစ်ညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

The Chairman declared Resolution 2 carried.

အစည်းအဝေးသဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်(၂) ပြီးမြောက်ကြောင်း ကြေငြာခဲ့ပါသည်။

RESOLVED THAT there be no change to the existing Board of Directors. The Board of Directors is authorised to fix the fees to Directors.

မည့်သည့်ဒါရိုက်တာအဖွဲ့ဝင်များမှ ပြောင်းလဲခြင်းမရှိပါ။ ဒါရိုက်တာများအတွက်ပေးအပ်သော အခကြေးငွေအား သတ်မှတ်ရန် ဒါရိုက်တာအဖွဲ့ဝင်များတွင် အခွင့်အာဏာရှိသည်။

The members of the Board of Directors are: ဒါရိုက်တာအဖွဲ့ဝင်များမှာ -

| | |
|---|---|
| i. U Ne Aung | ၁။ ဦးနေအောင် |
| ii. Daw Khin Moe Nyunt | ၂။ ဒေါ်ခင်မိုးညွန့် |
| iii. U Than Win Swe | ၃။ ဦးသန်းဝင်းဆွေ |
| iv. U Thant Zin | ၄။ ဦးသန့်ဇင် |
| v. U Sein Win | ၅။ ဦးစိန်ဝင်း |
| vi. Daw Hnin Hnin Aung | ၆။ ဒေါ်နှင်းနှင်းအောင် |
| vii. Mr. Christopher Loh | ၇။ Mr. Christopher Loh |

**4.3 Ordinary Resolution 3/ အစည်းအဝေးဆုံးဖြတ်ချက် (၃)**

**V Advisory Limited (U Myat Noe Aung) as auditors of the Bank**

**V Advisory Limited မှ ဦးမြတ်နိုးအောင်အား ဘဏ်၏ စာရင်းစစ်အဖြစ် ခန့်အပ်ခြင်း**

Resolution 3 related to the re-appointment of Messrs. V Advisory Limited (U Myat Noe Aung) as auditors of the Bank. The two shareholders noted the recommendation of the Board and Audit Committee for the appointment of auditor.

အစည်းအဝေးဆုံးဖြတ်ချက်(၃)အရ V Advisory Limited မှ ဦးမြတ်နိုးအောင်အား ဘဏ်၏ စာရင်းစစ်အဖြစ် ခန့်အပ်ရန်ဖြစ်သည်။ အစုရှယ်ယာရှင်နှစ်ဦးသည် ဒါရိုက်တာအဖွဲ့ဝင်နှင့် စာရင်းစစ်ကော်မတီ၏ ထောက်ခံချက်များကို သိရှိမှတ်သားခဲ့ကြပါသည်။

Both Shareholders unanimously approved the Resolution and the Chairman declared Resolution 3 carried.

အစည်းအဝေးဆုံးဖြတ်ချက်အား အစုရှယ်ယာရှင်များက တစ်ညီတညွတ်တည်း အတည်ပြုခဲ့ပြီး အစည်းအဝေးသဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက် (၃) ပြီးမြောက်ကြောင်း ကြေငြာခဲ့ပါသည်။

RESOLVED THAT The V-Advisory Limited (U Myat Noe Aung) has been appointed as auditor of the Bank until the next Annual General Meeting. The Board of Directors is further authorised to fix the fees to the Auditors. The appointment of auditor is also subject to the approval of the Central Bank of Myanmar.

V Advisory Limited မှ ဦးမြတ်နိုးအောင်အား နောက်ထပ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး မကျင်းပမီ အချိန်အထိ ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ခန့်အပ်သော စာရင်းစစ်၏ အခကြေးငွေအား သတ်မှတ်ရန် ဒါရိုက်တာအဖွဲ့ဝင်များတွင် အခွင့်အာဏာရှိသည်။ စာရင်းစစ်ခန့်အပ်မှုနှင့် ပတ်သတ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**4.4 Ordinary Resolution 4/ အစည်းအဝေးဆုံးဖြတ်ချက် (၄)**

**To appoint the Audit Committee with a term of office of 4 years in accordance with the Financial Institution Law**

**ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီ စာရင်းစစ်ကော်မတီအား ၄နှစ်တာဝန်ထမ်းဆောင်ရန်ခန့်အပ်ခြင်း။**

Resolution 4 related to the re-appointment of audit committee and the shareholders approved the appointment of the Audit Committee members and the terms of office under Financial Institution Law 2016 for four years. The approved audited committee members are as follow:

အစည်းအဝေးဆုံးဖြတ်ချက်(၄)အရ စာရင်းစစ်ကော်မတီပြန်လည်ဖွဲ့စည်းရန်ဖြစ်ပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ၂၀၁၆ ပါ ပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖွဲ့ဝင်ကော်မတီများ၏သက်တမ်းအား (၄) နှစ် ဆက်တိုက် ခန့်အပ်နိုင်ကြောင်းကို သိရှိရပြီး တင်မြှောက်ရွေးချယ်ခဲ့သော ဘုတ်အဖွဲ့စာရင်းစစ်ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| i. U Sein Win (Chairman) | ၁။ ဦးစိန်ဝင်း (သဘာပတိ) |
| ii. U Than Win Swe | ၂။ ဦးသန်းဝင်းဆွေ |
| iii. Daw Hnin Hnin Aung | ၃။ ဒေါ်နှင်းနှင်းအောင် |

The Chairman declared Resolution 4 carried.

အစည်းအဝေးသဘာပတိမှ အစည်းအဝေးဆုံးဖြတ်ချက်(၄) ပြီးမြောက်ကြောင်း ကြေငြာခဲ့ပါသည်။

RESOLVED THAT the audit committee, therefore, remains unchanged.

စာရင်းစစ်အဖွဲ့ဝင်ကော်မတီများ ပြောင်းလဲခြင်းမရှိပါ။

**Agenda 5: Any other Matters/ အခြားသောကိစ္စရပ်များ**

The Shareholders noted that Dividends will not be declared for the financial year and that all profits will be retained for the development of the business.

ဘဏ္ဍာရေးနှစ်အတွက် အကျိုးအမြတ်ခွဲဝေခြင်းမပြုရန် ဆုံးဖြတ်ချက်နှင့် အကျိုးအမြတ်များကို စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် ဆက်လက်ထိန်းသိမ်းထားရှိရန် ဆွေးနွေးချက်များကို အစုရှယ်ယာရှင်များက သဘောတူလက်ခံခဲ့သည်။

**Agenda 6: Closing/အစည်းအဝေးအားပိတ်သိမ်းခြင်း**

The Chairman said that all businesses of the Annual General Meeting had been concluded and declared that the Meeting closed at 12:00 p.m. and thanked everyone for their attendance.

အခြားအကြောင်းအရာဆွေးနွေးရန်မရှိသောကြောင့် သဘာပတိမှ တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး နေ့လည် ၁၂း၀၀ နာရီတွင် အစည်းအဝေးပိတ်သိမ်းကြောင်း ကြေငြာခဲ့ပါသည်။

Recorded by

**Nyein Sanda Kyaw**
Legal & Secretariat

Approved as a correct record

**Christopher Loh**
Chairman of the meeting